**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

ရက်စွဲ – ဇန္နဝါရီလ (၂၉) ရက်၊ ၂၀၂၁ ခုနှစ်

# လက်ရှိမြန်မာနိုင်ငံရေး အခြေအနေနှင့် ပတ်သက်၍ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ သတင်းထုတ်ပြန်ကြေညာချက်

၁။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ကြမည့် ပြည်ထောင်စုပေါ်ထွန်းရန်၊ လွတ်လပ်ပြီး အေးချမ်းသာယာဝပြောသော နိုင်ငံတော်တည်ဆောက်ရန် ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်း လုပ်ငန်းစဉ်ဖြင့် ချီတက်နေကြချိန်တွင် အနုတ်လက္ခဏာဆောင်သော ပြဿနာဖြေရှင်းသည့်လုပ်ရပ်အားလုံးကို သက်ဆိုင်သူများမှ အစွမ်းကုန် ရှောင်ရှားကြရပါမည်။ ပြည်ထောင်စုနှင့် ပြည်သူလူထုတို့၏ အကျိုးစီးပွားကို ရှေ့ရှုပြီး ငြိမ်းချမ်းစွာ ညှိနှိုင်းဆောင်ရွက်အဖြေရှာသွားခြင်းသည် လက်ရှိနိုင်ငံရေး အကြပ်အတည်း၏ လိုအပ်မှုဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲတိုင်း၏ အရှုံး၊ အနိုင် ရလဒ်နှင့် တရားမျှတမှုကို တောင်းဆိုကြခြင်းသည် ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်ခြင်းကြောင့် လက်ရှိရွေးကောက်ပွဲနှင့် ပါတ်သက်သည့် အငြင်းပွားမှုများအား သက်ဆိုင်ရာ အစုအဖွဲ့များမှ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့အပေါ် အခြေခံပြီး ဆင်ခြင်တုံတရားနှင့်အညီ ညှိနှိုင်းဖြေရှင်းစေလိုပါသည်။ အဓိက အားဖြင့် ဒီမိုကရေစီအနစ်သာရကို မပျက်ပြယ်စေပဲ အပြန်အလှန် လေးစားအသိအမှတ်ပြုမှုကို အခြေခံရန် လိုအပ်ပါသည်။

၃။ မြန်မာနိုင်ငံသည် သာမန်နိုင်ငံရေးပြဿနာများနှင့် နိုင်ငံရေးအကြပ်အတည်းများ၏ သမရိုးကျစိန်ခေါ်မှုများကိုသာ ရင်ဆိုင်နေရသည်မဟုတ်ပါ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်တန်းတူရေး၊ ကွဲပြားစုံလင်သော တိုင်းရင်းသားများ၏ ဖြစ်တည်မှု နှင့် ဝိသေသလက္ခဏာများ ပါဝင်သည့် ကျယ်ပြန့်သည့်ပြဿနာရပ်များဖြင့် ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လတ်တလော နိုင်ငံရေးအကြပ်အတည်းကို ကျော်လွှားရာတွင် အာဏာလွန်ဆွဲမှုကို ကျော်လွန်ပြီး ပြည်ထောင်စုပေါ်ထွန်းရေးနှင့် ဒီမိုကရေစီ စံချိန်စံနှုန်းများကို အလေးထားသည့် သက်ဆိုင်ရာ အစုအဖွဲ့များ အားလုံးပါဝင်မည့် မျက်နှာစုံညီ ညှိနှိုင်းနိုင်သည့် အခင်းအကျင်းတစ်ခု အရေးပေါ် လိုအပ်နေပါသည်။

၄။ ထို့ကြောင့် လက်ရှိအကြပ်အတည်းကို ကျော်လွှားနိုင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ထွန်းလာစေရန် သက်ဆိုင်ရာ အစုအဖွဲ့များ အားလုံးပါဝင်မည့် မျက်နှာစုံညီ ညှိနှိုင်းနိုင်သည့် အရေးပေါ်အစည်းအဝေးတစ်ခုကို အမြန်ဆုံး ခေါ်ယူရန် တောင်းဆိုလိုက်ပါသည်။

**ဆက်သွယ်ရန်–** (၁) ပဒိုစောကွယ်ထူးဝင်း (+၉၅ ၉၄၂၂၁၉ ၁၉၄၁) (+၆၆ ၈၁၈ ၀၇၆ ၂၇၉)
(၂) ပဒို စောတာဒိုမူး (+၉၅ ၉၇၉၅၈၈ ၇၀၈၅) (+၆၆ ၆၄၆ ၄၅၉ ၁၁၃)

********